*သတင်းထုတ်ပြန်ချက်: ၂၀၁၅ ခုနှစ် အောက်တိုဘာလ (၁) ရက်* *For Immediate Release*

# မဲဆန္ဒရှင်စာရင်းကြေညာပြသမှုဖြစ်စဉ်မှာ မဲဆန္ဒရှင်များပါဝင်ဆောင်ရွက်ခွင့်ရှိခဲ့၊ သို့သော်အသိပေးလှုံ့ဆော်မှုလုပ်ငန်းများအားနည်းနေသေး၊ မဲဆန္ဒရှင်များပါဝင်မှုနည်းပါး

တစ်နိုင်ငံလုံးမဲဆန္ဒရှင်ကြေညာပြသမှုဖြစ်စဉ်ကို စောင့်ကြည့်လေ့လာရန်အတွက် People’s Alliance for Credible Elections (PACE) မှ ကာလရှည်စောင့်ကြည့်လေ့လာသူစုစုပေါင်း (၁၁၀) ဦးကို စက်တင်ဘာလ (၁၄) ရက်နေ့မှ စတင်၍ မြို့နယ်ပေါင်း (၁၁၀) သို့စေလွှတ်ခဲ့ပါသည်။ စက်တင်ဘာလ (၁၄) ရက်မှ (၂၇) ရက်အတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတွင် ကျေးလက်ဒေသ နှင့် မြို့ပြဒေသရှိ မဲဆန္ဒရှင်စာရင်းကြေညာပြသရာနေရာပေါင်း (၈၆၈) နေရာကို စောင့်ကြည့်လေ့လာခဲ့ပါသည်။ မဲဆန္ဒရှင်စာရင်းကြေညာပြသမှုဖြစ်စဉ်သည် ယေဘူယျအားဖြင့် အနှောက်အယှက်များကင်းရှင်းပြီး မဲဆန္ဒရှင်များအတွက် ပါဝင်ဆောင်ရွက်ခွင့်ရှိခဲ့သည်ဟုဆိုနိုင်ပါသည်။ သို့သော်လည်း မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းနှင့် အသိပေးလှုံ့ဆော်မှုများမှာ အားနည်းလျက်ရှိနေသေးသည်ကိုတွေ့ရသည်။ စောင့်ကြည့်လေ့လာသည့်နေရာများတွင် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများ၏ ပါဝင်ဆောင်ရွက်မှုကြီးကြီးမားမားမရှိသည်ကိုတွေ့ရပါသည်။ မဲဆန္ဒရှင်စာရင်း၏ မှန်ကန်တိကျမှုနှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်မှုများကြောင့်မဲဆန္ဒရှင်လာရောက်ကြည့်ရှုသည့် အရေအတွက်များနိုင်သည်ဟု မျှော်လင့်ထားကြသော်လည်း မျှော်မှန်းထားသည့် အရေအတွက်အောက် အတန်ငယ်နည်းသည်ကိုတွေ့ရသည်။ စောင့်ကြည့်လေ့လာသည့်နေရာများမှ ကော်မရှင်အဖွဲ့ခွဲများ၏ ဖြေကြားချက်များအရ များသောအားဖြင့် မဲဆန္ဒရှင်အများစုမှာ မဲစာရင်းတွင် မိမိတို့၏အမည်များကိုဖြည့်စွက်ရန်လျှောက်ထားကြပြီး၊ အချို့မှာမဲစာရင်းပါအချက်အလက်များကို ပြင်ဆင်ရန်လျှောက်ထားကြသည်ဟုဆိုပါသည်။ အနည်းငယ်ကသာ ပယ်ဖျက်ရန်တောင်းဆိုကြသည်ဟုဖြေကြားပါသည်။ PACE အဖွဲ့၏ စောင့်ကြည့်လေ့လာသူများသည် အနှောက်အယှက်မရှိပဲ စောင့်ကြည့်လေ့လာခွင့်များရရှိခဲ့ပါသည်။ များသောအားဖြင့် စောင့်ကြည့်လေ့လာခဲ့သည့် နေရာအများစုတွင်လိုအပ်သည့် ပုံစံများရှိပြီး မဲဆန္ဒရှင်များအတွက် အလွယ်တကူလာရောက် ကြည့်ရှုနိုင်သည့် ခင်းကျင်းပြသမှုများရှိသည်ကိုတွေ့ရသည်။ ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများကလည်း မဲဆန္ဒရှင်များကို ခွဲခြားမှုမရှိပဲ တန်းတူညီမျှစွာ ဆက်ဆံကြသည်ကိုတွေ့ရသည်။

PACE အဖွဲ့၏ ဒါရိုက်တာ စိုင်းရဲကျော်စွာမြင့်က “ မဲဆန္ဒရှင်တွေကို မဲစာရင်းသွားကြည့်ဖို့တိုက်တွန်းနိုးဆော်တာဟာ အခုဖြစ်နေတဲ့ မဲစာရင်းနဲ့ပတ်သက်ပြီး အကောင်းဆုံးအဖြေတစ်ခုပါပဲ။ သို့ပေမယ့် များများစားစား လာကြည့်ကြတာတော့မတွေ့ရဘူး။ သေချာတာကတော့ ရေရှည်အတွက် အဖြေတစ်ခုရှာကြရမယ်ဆိုတာပဲ။ ဒီပြဿနာနဲ့ ပတ်သက်ပြီးရွေးကောက်ပွဲမတိုင်ခင်မှာ ကော်မရှင် နဲ့ နိုင်ငံရေးပါတီတွေအကြား ဆွေးနွေးအဖြေရှာနိုင်လိမ့်မယ်လို့မျှော်လင့်ပါတယ်။ ရေရှည်အတွက်ကတော့ ရွေးကောက်ပွဲနောက်ပိုင်းမှာလည်း ဆက်ပြီးတော့ဆွေးနွေးဖို့လိုအပ်ပါတယ်။”

PACE ၏ စောင့်ကြည့်လေ့လာမှုနည်းစနစ်အရ စောင့်ကြည့်လေ့လာသူများသည် မဲဆန္ဒရှင်စာရင်းကြေညာပြသရာနေရာများတွင် ပြသမှုဖြစ်စဉ်ကို တစ်နေ့တာပြသချိန်ပြီးဆုံးသည့်အချိန်အထိ စောင့်ကြည့်လေ့လာခဲ့ကြပါသည်။ သို့သော် မဲဆန္ဒရှင်စာရင်းရှိ အမည်များနှင့် အချက်အလက်များကို စစ်ဆေးမှုများပြုလုပ်ခြင်းမရှိခဲ့ပါ။ စက်တင်ဘာလ (၁၈) ရက် နှင့် (၂၅) ရက်မှလွဲ၍ စောင့်ကြည့်လေ့လာမှုများကို ရက်သတ္တပတ် (၂) ပတ်လုံးဆောင်ရွက်ခဲ့ကြပါသည်။

စောင့်ကြည့်လေ့လာရာနေရာအများစုတွင် ကြေညာပြသမှုဖြစ်စဉ်ရပ်တန့်သွားစေနိုင်သည့် မသက်ဆိုင်သည့်သူများမှ ခြိမ်းခြောက်ခြင်းနှင့် ဝင်ရောက်နှောက်ယှက်ခြင်းများစသည့် ဖြစ်ရပ်များကိုမတွေ့ရချေ။ သို့သော် PACE ၏ စောင့်ကြည့်လေ့လာသူများအနေဖြင့် စောင့်ကြည့်လေ့လာသည့် နေရာအများစုတွင် မဲဆန္ဒရှင်ပညာပေးလုပ်ငန်းများကိုမတွေ့မြင်ရပါ။ စောင့်ကြည့်

လေ့လာသည့်နေရာများ၏ (၉၀) ရာခိုင်နှုန်းတွင် နိုင်ငံရေးပါတီများကို မတွေ့ရပဲ (၈၂) ရာခိုင်နှုန်းတွင် အရပ်ဘက်လူ့အဖွဲ့အစည်းများ မတွေ့ရဟုဆိုပါသည်။ စောင့်ကြည့်လေ့လာရာ (၂) ပတ်တာကာလတွင် မဲစာရင်းလာရောက်ကြည့်ရှုစစ်ဆေးသူ အရေအတွက်နည်းပါးသည်ကို တွေ့ရသည်။

စောင့်ကြည့်လေ့လာရာနေရာများ၏ (၂၈) ရာခိုင်နှုန်းတွင် မဲဆန္ဒရှင်စာရင်းဖြည့်စွက်/ပြင်ဆင်/ပယ်ဖျက်ရန်အတွက် လာရောက်လျှောက်ထားသူများကို မတွေ့ရချေ။ သို့သော် (၂၆) ရာခိုင်နှုန်းတွင်မူ မဲစာရင်းနှင့်ပတ်သက်၍ လျှောက်ထားမှုများ ရှိသည်ကိုတွေ့ရသည်။ ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများ၏ အဆိုအရ အများစုမှာ အမည်များကိုဖြည့်စွက်ရန် တောင်းဆိုပြီး၊ အချို့မှာပြင်ဆင်ရန်တောင်းဆိုကြသည်။ အနည်းငယ်ကသာ ပယ်ဖျက်ရန် တောင်းဆိုကြသည်။ ခန့်မှန်းချေအားဖြင့် စောင့်ကြည့်လေ့လာခဲ့သည့်နေရာ၏ (၁၀) ရာခိုင်နှုန်းတွင် မဲဆန္ဒရှင်အချို့မှာ ၎င်းတို့၏ သက်သေခံအထောက်အထား မတင်ပြနိုင်ခြင်း၊ နေထိုင်ကြောင်းအထောက်အထား မတင်ပြနိုင်သောကြောင့် ပြင်ဆင်မှုများ မပြုလုပ်နိုင်သည်ကိုတွေ့ရသည်။ ထိုကဲ့သို့သော ပြဿနာကို မြို့ပြဒေသများတွင် ကျေးလက်ဒေသများထက် နှစ်ဆခန့် ပိုမိုသည်ကိုတွေ့ရသည်။

PACE အဖွဲ့၏ သွားရောက်စောင့်ကြည့်လေ့လာခဲ့သည့်နေရာများ၏ (၉၉) ရာခိုင်နှုန်းတွင် စောင့်ကြည့်လေ့လာမှုများကို ကောင်းမွန်စွာပြုလုပ်နိုင်ခဲ့ပါသည်။ ထို့အပြင်စောင့်ကြည့်လေ့လာရာနေရာ၏ (၉၃) ရာခိုင်နှုန်းတွင်လည်း လိုအပ်သည့်ပုံစံ များ ရှိသည်ကိုတွေ့ရပြီး (၈၂) ရာခိုင်နှုန်းမှာ မဲဆန္ဒရှင်များအတွက် အလွယ်တကူလာရောက်ကြည့်ရှု နိုင်သည့်ခင်း ကျင်းပြသ မှုများ ရှိသည်ကိုတွေ့ရသည်။ စောင့်ကြည့်လေ့လာရာနေရာများ၏ (၈၉) ရာခိုင်နှုန်းတွင် ကော်မရှင်အဖွဲ့ခွဲမှတာဝန်ရှိသူများကလည်း မဲဆန္ဒရှင်များကို ခွဲခြားဆက်ဆံမှုများမရှိပဲ တန်းတူညီမျှစွာအကူအညီပေးဟုစောင့်ကြည့်လေ့လာသူများမှဆိုပါသည်။ သို့သော် စောင့်ကြည့်လေ့လာခဲ့သည့်နေရာများ၏ (၁၇) ရာခိုင်နှုန်းတွင်မူ မဲဆန္ဒရှင်စာရင်းကို သတ်မှတ်ထားသည့် အချိန်ဇယားအတိုင်း ဖွင့်လှစ်ခဲ့ခြင်း မရှိသည်ကိုတွေ့ရသည်။

ခြုံငုံကြည့်မည်ဆိုပါက အခက်အခဲအနည်းငယ်ရှိခဲ့သည်မှတစ်ပါး PACE အနေဖြင့် တစ်နိုင်ငံလုံး မဲစာရင်း ကြေညာပြသမှုဖြစ်စဉ်တစ်ခုလုံးကို စောင့်ကြည့်လေ့လာနိုင်ခဲ့ပါသည်။ ရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံရေးပါတီများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ ဝိုင်းဝန်းကြိုးပမ်းမှုကြောင့် လာမည့်ရွေးကောက်ပွဲတွင်လည်း မဲဆန္ဒရှင်များ၏ ပါဝင်မှုပိုမိုမြင့်မားလာမည်ဟု PACE အနေဖြင့် မျှော်လင့်ပါသည်။

People’s Alliance for Credible Elections (PACE) သည် အစိုးရမဟုတ်သော သီးခြားလွပ်လပ်သည့် ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အရပ်ဘက်အဖွဲ့အစည်းတစ်ဖွဲ့ဖြစ်ပြီး ပိုမိုကောင်းမွန်သော ရွေးကောက်ပွဲများအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီး အားလုံးတွင်လုပ်ကိုင်လျက်ရှိပါသည်။ လာမည့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်ပွဲနေ့၌ ကာလတိုစောင့်ကြည့်လေ့လာသူ (၂၀၀၀) ဦးကျော်စေလွှတ်ကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်စောင့်ကြည့်သွားမည်ဖြစ်ပြီး ကာလရှည်စောင့်ကြည့်လေ့လာသူ (၁၃၀) ဦးဖြင့် မဲဆန္ဒရှင်စာရင်းကြေညာပြမှုနှင့် မဲဆွယ်စည်းရုံးရေးကာလကို စောင့်ကြည့်လေ့လာလျက်ရှိပါသည်။ PACE အနေဖြင့် ရွေးကောက်ပွဲနေ့တွင် “နည်းစနစ်” ဖြင့်စောင့်ကြည့်လေ့လာခြင်းနည်းကိုအသုံးပြုမည်ဖြစ်ပါသည်။

ဆက်သွယ်ရန်။ စိုင်းရဲကျော်စွာမြင့်၊ syksmyint@pacemyanmar.org ၊ ၀၉ ၂၅၃ ၃၇၉ ၄၄၂